ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

THE REPUBLIC OF THE UNION OF MYANMAR

MINISTRY OF HOTELS & TOURISM

ဟိုတယ်လုပ်ငန်းနှင့် တည်းခိုရိပ်သာလုပ်ငန်း လိုင်စင်ဆိုင်ရာအမိန့်

ORDER FOR LICENSING OF HOTEL AND LODGING-HOUSE BUSINESS

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်

(1st September 2011)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

အမိန့်အမှတ် ၂ / ၂၀၁၁

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်
(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနသည် မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေး ဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ကမ္ဘာလှည့်ခရီးသည်များနှင့် နိုင်ငံခြားဧည့်သည်များအတွက် ဆောင်ရွက်သော ဟိုတယ်လုပ်ငန်းနှင့် တည်းခိုရိပ်သာလုပ်ငန်းတို့နှင့် စပ်လျဉ်းသည့်ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

ဟိုတယ်လုပ်ငန်းနှင့် တည်းခိုရိပ်သာလုပ်ငန်း လိုင်စင်ဆိုင်ရာအမိန့်

၁။ ဤအမိန့်တွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေနှင့် မြန်မာနိုင်ငံခရီးသွားလာရေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့်အတိုင်းအဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဟိုတယ်**ဆိုသည်မှာ အနည်းဆုံး အိပ်ခန်း ၂၀ ခန်း သို့မဟုတ် ခုတင် ၄၀ ပါရှိပြီး ခရီးသည်များ တည်းခိုနေနိုင်ရန်လည်းကောင်း၊ အစားအစာ၊ အဖျော်ယမကာနှင့် အခြားဝန်ဆောင်မှုများအတွက်လည်းကောင်း စီးပွါးရေးအလို့ငှာအခကြေးငွေရယူ၍ လက်ခံစီစဉ်ပေးသည့် အဆောက်အအုံကို ဆိုသည်။

(ခ) **တည်းခိုရိပ်သာ** ဆိုသည်မှာ အနည်းဆုံးအိပ်ခန်း ၁၀ ခန်း သို့မဟုတ် ခုတင် ၂၀ ပါရှိပြီး ခရီးသည်များ တည်းခိုနေနိုင်ရေးအတွက်သာ စီးပွားရေးအလို့ငှာ အခကြေးငွေရယူ၍ လက်ခံစီစဉ်ပေးသည့် အဆောက် အအုံကို ဆိုသည်။

ရှင်းလင်းချက်။ အပိုဒ်ခွဲ (က) ပါဟိုတယ်နှင့် အပိုဒ်ခွဲ (ခ) ပါတည်းခိုရိပ်သာဟူသောစကားရပ်တို့တွင်ဘာသာရေး၊ လူမှုရေး

THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF HOTEL & TOURISM
Order No. 2/2011
Nay Pyi Taw, 4th Waxing day of Tawthalin , 1373(ME)
(1st September 2011)

In exercise of the powers conferred by sub-section (b) of section 31 of the Myanmar Hotels & Tourism Law, the Ministry of Hotels & Tourism of the Republic of the Union of Myanmar issues this Order with respect to the Hotel and Lodging-house Business carried out for the international tourists and foreign visitors:-

ORDER FOR LICENSING OF HOTEL AND LODGING-HOUSE BUSINESS

1. The expressions contained in this Order shall have the same meanings as are assigned to them in the Myanmar Hotels & Tourism Law and Procedures relating to the Myanmar Tourism Law. In addition, the following expressions shall have the meanings given hereunder:-

(a) **Hotel** means a building containing not less than 20 rooms or 40 beds which travellers are lodged for hire and where food, beverage and other services are provided in order to do economic interests;

(b) **Lodging-house** means a building containing not less than 10 rooms or 20 beds in which travellers are lodged for hire in order to do economic on payment for the purpose of economic interests;

Explanation: The expressions of Hotel and Lodging-house mentioned under sub- paragraph(a) and (b) shall not include lodging establishments owned by religious, social, departmental or

အသင်းအဖွဲ့ လုပ်ငန်းဌာန သို့မဟုတ် အဖွဲ့အစည်းက စီးပွားရေးအလို့ငှာမဟုတ်ဘဲ တည်ထောင်ထားသော တည်းခိုမှုဆိုင်ရာ အဆောက်အအုံပါဝင်ခြင်း မရှိစေရ။

(ဂ) **လိုင်စင်စိစစ်ရေးအဖွဲ့** ဆိုသည်မှာ ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်ရန် လိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရန်အလို့ငှာ ဦးစီးဌာနက ဖွဲ့စည်းသောလိုင်စင် စိစစ်ရေးအဖွဲ့ကို ဆိုသည်။

(ဃ) **ဟိုတယ်လုပ်ငန်းရှင်** ဆိုသည်မှာ ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် လိုင်စင်ရရှိသူဖြစ်ပြီး ဟိုတယ်လုပ်ငန်းကို ကြီးကြပ်ခြင်းနှင့်ငွေကြေးဆိုင်ရာ စီမံခန့်ခွဲခြင်းပြုသူကို ဆိုသည်။

(င) **တည်းခိုရိပ်သာလုပ်ငန်းရှင်** ဆိုသည်မှာ တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်ရန် လိုင်စင်ရရှိသူဖြစ်ပြီး တည်းခိုရိပ်သာလုပ်ငန်းကို ကြီးကြပ်ခြင်းနှင့်ငွေကြေးဆိုင်ရာ စီမံခန့်ခွဲခြင်းပြုသူကို ဆိုသည်။

(စ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသော ဟိုတယ်လုပ်ငန်းလိုင်စင် သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လိုင်စင်ကို ဆိုသည်။

၂။ လုပ်ငန်းလိုင်စင် လျှောက်ထားသူသည် အောက်ပါ အခြေအနေများနှင့် ပြည့်စုံရမည်-

(က) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာအဖြစ် အသုံးပြုရန်သင့်လျော်သည့်အဆောက်အအုံကို ပိုင်ဆိုင်၍ဖြစ်စေ၊ ငှားရမ်း၍ဖြစ်စေ ရှိပြီးဖြစ်ရမည်။

(ခ) အပိုဒ်ခွဲ (က) ပါ အဆောက်အအုံ၏ တည်နေရာနှင့် ပရိဝုဏ်သည် လုပ်ငန်းသဘာဝနှင့် သင့်တင့်လျောက်ပတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သော အခြေအနေရှိရမည်။

(ဂ) အပိုဒ်ခွဲ(က)ပါ အဆောက်အအုံကို သက်ဆိုင်ရာဒေသစည်ပင်သာယာရေးအဖွဲ့တွင်မှတ်ပုံတင်ပြီးဖြစ်ရမည်။

ganizations not for the purpose of economic interest.

(c) **Licensing Board** means the board organized by the Directorate in order to scrutinise the applications for licence relating to Hotel and Lodging-house Business;

(d) **Hotel Entrepreneur** means a person who has obtained the licence for Hotel Business and manges its financial matters.

(e) **Lodging-house Entrepreneur** means a person who has obtained the licence for Lodging-house Business and manages its financial matters.

(f) **Business Licence** means Hotel Business Licence and Lodging-house Business licence which are issued by Directorate.

2. Any person applying for licence shall have the following requirenents:-

(a) either be an owner or a lessee of a building suitable for use as hotel or lodging house;

(b) the location and premises of the building mentioned under sub-paragraph (a) shall be suitable for the nature of the business and hygienic;

(c) the building mentioned under sub-paragraph (a) must be registered at the township municipality concerned;

(ဃ) အပိုဒ်ခွဲ (က) ပါ အဆောက်အအုံသည် ဟိုတယ်ဖြစ်ပါက နောက်ဆက်တွဲ (က) ပါ အနည်းဆုံးလိုအပ်သည့် အခြေခံအချက်များနှင့် လည်းကောင်း၊ တည်းခိုရိပ်သာဖြစ်ပါက နောက်ဆက်တွဲ (ခ) ပါ အနည်းဆုံးလိုအပ်သည့် အခြေခံအချက်များနှင့် လည်းကောင်း ပြည့်စုံရမည်။

၃။ ဦးစီးဌာနသည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော လိုင်စင်စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်-

(က) ဟိုတယ်နှင့်ခရီးသွားဥပဒေဦးစီးဌာနမှ ဒုတိယဥက္ကဋ္ဌကြားရေးမှူးအဆင့်အောက် မနိမ့်သော အရာထမ်းတစ်ဦး — အဖွဲ့ခေါင်းဆောင်

(ခ) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့မှ ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်

(ဂ) မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာအဆင့် အောက်မနိမ့်သူအရာထမ်းတစ်ဦး — အဖွဲ့ဝင်

(ဃ) ဟိုတယ်နှင့်ခရီးသွားဥပဒေဦးစီးဌာန၊ ခရီးသွားလာရေးကြီးကြပ်မှုဌာနခွဲ သို့မဟုတ် ဦးစီးဌာန ဒေသရုံးခွဲမှ လက်ထောက်ဥက္ကဋ္ဌကြားရေးမှူး အဆင့်အောက် မနိမ့်သူအရာထမ်းတစ်ဦး — အတွင်းရေးမှူး

၄။ လိုင်စင်စိစစ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ စိစစ်ခြင်း။

(ခ) အပိုဒ်ခွဲ (က) အရစိစစ်ပြီး သက်မှတ်ချက်များနှင့် ညီညွတ်မှုရှိသည်ဟု ကျေနပ်လက်ခံလျှင် လုပ်ငန်းလိုင်စင် လျှောက်ထားသူအား ယင်းလိုင်စင် ထုတ်ပေးသင့်ကြောင်း ဦးစီးဌာနသို့ ထောက်ခံတင်ပြခြင်း။

(d) the building mentioned under sub-para (a) , if hotel shall conform to the minimum standards as per annexure (a), if Lodging-house, shall conform to the minimum standards as per annexure(b).

3. The Directorate must form the Licensing Board consisting of the following members:-

(a)	(1) Staff who has not below the rank of Deputy Director from Directorate of Hotels & Tourism	Head of Member
(b)	(2) Representatives from Myanmar Tourism Board	Member
(c)	(1) Staff who has not below the rank of Assistant General Manager from Myanmar Hotels & Tourism Service.	Member
(d)	(1) Staff who has not below the rank of Assistant Director from Tourism Regulation Department, Directorate of Hotels & Tourism (or) Regional Branch Office.	Secretary

4. The duties and powers of the Licensing Board are as follows:-

(a) verification of the application for Business licence whether it is in conformity with the prescribed terms or not;

(b) Submitting the recommendation for issue of this business Licence to the Directorate, if accept in accordance with prescribed rules after scrutiny as per sub-para(a).

(ဂ) အပိုဒ်ခွဲ (က) အရစီစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိ၍ ကျေနပ်လက်ခံခြင်းမရှိလျှင် လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ငြင်းပယ်သင့်ကြောင်း သို့မဟုတ် ဆိုင်းငံ့သင့်ကြောင်း ဦးစီးဌာနသို့ တင်ပြခြင်း။

(ဃ) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာအမျိုးအစားနှင့် အဆင့်အတန်းပြောင်းလဲခွင့်ပြုရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ စိစစ်ပြီးသဘောထားမှတ်ချက်ကို ဦးစီးဌာန သို့တင်ပြခြင်း။

(င) သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်သက်တမ်းအရ လုပ်ငန်းလိုင်စင်အသစ်လဲလှယ်လိုကြောင်း လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍စိစစ်ပြီး သဘောထားမှတ်ချက်ကို ဦးစီးဌာနသို့ တင်ပြခြင်း။

(စ) ဦးစီးဌာနက အခါအားလျော်စွာ ပေးအပ်သည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုကျင့်သုံးဆောင်ရွက်ခြင်း။

၅။ ဦးစီးဌာနသည် လိုအပ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် လိုင်စင်စိစစ်ရေးအဖွဲ့များကို သင့်လျော်သလို ဖွဲ့စည်းပေးပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပေးအပ်နိုင်သည်။

၆။ လုပ်ငန်းလိုင်စင် သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ (၂) နှစ်ဖြစ်သည်။

၇။ လုပ်ငန်းလိုင်စင် လျှောက်ထားသူသည် ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိပြီးပါက အောက်ပါ နှုန်းထားအတိုင်း လုပ်ငန်းလိုင်စင်ကြေး ပေးသွင်းရမည်-

(က) ဟိုတယ်လုပ်ငန်း (ပြည်တွင်း)

(၁) အခန်း ၂၀ အထိပါသည့် ဟိုတယ်	၅၀၀၀၀၀ ကျပ်
(၂) အခန်း ၂၁ ခန်းမှ ၅၀ ခန်း အထိပါသည့် ဟိုတယ်	၉၀၀၀၀၀ ကျပ်
(၃) အခန်း ၅၁ ခန်းမှ ၁၀၀ ခန်း အထိပါသည့် ဟိုတယ်	၁၄၀၀၀၀၀ ကျပ်
(၄) အခန်း ၁၀၁ ခန်း နှင့်အထက် ပါသည့် ဟိုတယ်	၁၉၀၀၀၀၀ ကျပ်

(c) Submitting the report for refusal or suspension to the Directorate if the application is not in comformity with the prescribed conditions and if it is found to be unacceptable after scrutiny in accordance with sub-paragraph(a);

(d) submitting the recommendation upon the application relating to the change of type and classification of hotel or lodging-house to the Directorate;

(e) submitting the recommendation to the Directorate upon the application relation to the renewal of licence;

(f) carrying out the duties and powers assigned from time to time by the Directorate.

5. The Directorate, if necessary, may form the Licencsing Board for Division or State as appropriate and assign the duties and powers.

6. The tenure of Business licence is for a period of two years from the date of issue.

7. A person applying for a licence, if receive the permission from Directorate, shall pay the licence fee as prescribed hereunder:-

(a) Hotel Business (Local)

(1) 20 rooms hotel	Ks. 500000
(2) 21 to 50 rooms hotel	Ks. 900000
(3) 51 to 100 rooms hotel	Ks. 1400000
(4) 101 and above rooms hotel	Ks. 1900000

(ခ) ဟိုတယ်လုပ်ငန်း (ပြည်ပ/ဖက်စပ်)

(၁) အခန်း ၅၀ အထိပါသည့် ဟိုတယ် — ၅၀၀၀ အမေရိကန်ဒေါ်လာ/အက်ဖ်အီးစီ

(၂) ၅၁ အခန်းမှ အခန်း ၁၀၀ အထိပါသည့်ဟိုတယ် — ၇၀၀၀ အမေရိကန်ဒေါ်လာ/အက်ဖ်အီးစီ

(၃) ၁၀၁ ခန်းနှင့်အထက် ပါသည့်ဟိုတယ် — ၉၀၀၀ အမေရိကန်ဒေါ်လာ/အက်ဖ်အီးစီ

(ဂ) တည်ခိုရိပ်သာလုပ်ငန်း

(၁) အခန်း ၂၀ အထိပါသည့်တည်းခိုရိပ်သာ — ၂၀၀၀၀၀ ကျပ်

(၂) ၂၁ ခန်းမှ အခန်း ၅၀ အထိပါသည့် တည်းခိုရိပ်သာ — ၂၅၀၀၀၀ ကျပ်

(၃) ၅၁ ခန်းနှင့် အထက်ပါသည့် တည်းခိုရိပ်သာ — ၃၀၀၀၀၀ ကျပ်

၈။ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ (ပြည်တွင်း) အမည်ပြောင်းခြင်း၊ ပိုင်ရှင်အမည်ပြောင်းခြင်း၊ လုပ်ငန်းလိုင်စင်ပျက်စီး သို့မဟုတ် ပျောက်ဆုံးခြင်းကြောင့် လိုင်စင်ပြန်လည်လျှောက်ထားခြင်းအတွက် အပိုဒ် ၇ ပါသက်ဆိုင်ရာ လိုင်စင်ကြေးနှုန်းထားအတိုင်း ပေးဆောင်ရမည်။ အခန်းတိုးခြင်း သို့မဟုတ် လျှော့ခြင်းတို့အတွက် ဝန်ဆောင်စရိတ် ၁၀၀၀၀၀ ကျပ်ကို ပေးဆောင်ရမည်။

၉။ ဟိုတယ် (ပြည်ပ သို့မဟုတ် ဖက်စပ်) အမည်ပြောင်းခြင်း၊ ပိုင်ရှင်အမည်ပြောင်းခြင်း၊ အခန်းတိုးခြင်း၊ အခန်းလျှော့ခြင်း၊ လုပ်ငန်းလိုင်စင်ပျက်စီး သို့မဟုတ်ပျောက်ဆုံးခြင်းကြောင့် လိုင်စင်ပြန်လည်လျှောက်ထားခြင်းအတွက် ဝန်ဆောင်စရိတ် အမေရိကန်ဒေါ်လာ သို့မဟုတ် အက်ဖ်အီးစီ ၂၀၀၀ ပေးဆောင်ရမည်။

၁၀။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်အသစ်လဲလှယ်လိုလျှင် လိုင်စင်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ထက်မစော၊ ရက်ပေါင်း ၃၀ ထက်နောက်မကျစေဘဲ လုပ်ငန်းလိုင်စင်အသစ်လဲလှယ်ရန် လျှောက်ထားရမည်။ လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးရက် ကျော်လွန်ပြီးမှ လိုင်စင်လျှောက်ထားပါက ထိုကျော်လွန်သည့် ရက်တိုင်းအတွက် တစ်ရက်လျှင် ကျသင့်သောရက်လွန်ဒဏ်ကြေးငွေကို အောက်ပါအတိုင်းပေးဆောင်ရမည်-

b. Hotel Business (Foreign/ joint Venture)

(1) 50 rooms hotel	5000 US$/FEC
(2) 51 to 100 rooms hotel	7000 US$/FEC
(3) 101 and above rooms hotel	9000 US$/FEC

c. Lodging-house Business

(1) 20 rooms Lodging-house	Ks 200000
(2) 21 to 50 rooms Lodging-house	Ks 250000
(3) 51 and above rooms Lodging-house	Ks 300000

8. For reapplying of licence for name changing of hotel or lodginghouse or owner or damaged licence or lost licence , shall pay relevant licence fees shown in paragraph(7).For increasing room,shall pay servicing cost Ks 100000.

9. Service Charges (Foreign/Joint Venture) for renewal
Business Name Change/Proprietor Name Change 2000 US$/FEC

10. If holder of business licence want to renew licence, shall apply for renewal of business licence not earlier than (60)days or not later than (30)days before expiry of licence them.If apply for licence after expiry date of business licence them, shall pay due fines per late day as follows.

(က) ဟိုတယ် (မြည်တွင်း) ၄၀၀၀ ကျပ်
(ခ) ဟိုတယ် (မြည်ပ/ဖက်စပ်) ၂၅ အမေရိကန်ဒေါ်လာ/အက်ဖ်အီးစီ
(ဂ) တည်းခိုရိပ်သာ ၄၀၀၀ ကျပ်

၁၁။ လုပ်ငန်းလိုင်စင်အသစ် လဲလှယ်ရန်လျှောက်ထားသူသည် ဦးစီးဌာန၏ ခွင့်ပြုချက် ရရှိပြီးပါက အပိုဒ် ၇ ပါ သက်ဆိုင်ရာနှုန်းထားအတိုင်း လုပ်ငန်းလိုင်စင်အသစ် လဲလှယ်ကြေး ပေးသွင်းရမည်။

၁၂။ ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းရှင်သည်-

(က) ဟိုတယ်အဆင့်သတ်မှတ်ချက်ကို ဖော်ပြသည့်ကြေးပြားကို ဟိုတယ်အဝင်ဧည့်ကြိုကောင်တာ သို့မဟုတ် ဟိုတယ်၏ထင်ရှားမြင်သာသော နေရာတွင်ချိတ်ဆွဲ တပ်ဆင်ထားရမည်။

(ခ) လုပ်ငန်းလိုင်စင်ကို ဧည့်ကြိုကောင်တာ သို့မဟုတ်ထင်ရှားမြင်သာသော နေရာတွင်ချိတ်ဆွဲ တပ်ဆင်ထားရမည်။

(ဂ) သတ်မှတ်ထားသည့် ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အမျိုးအစား၊ အဆင့်အတန်း နှင့် လျော်ညီသည့်ပရိဘောဂများ၊ လုပ်ငန်းသုံးပစ္စည်းများ နှင့်စက်ကိရိယာများကို အစဉ်အမြဲဖြည့် ဆည်းထားရှိရမည်။

(ဃ) ဦးစီးဌာနကအခါအားလျော်စွာ ညွှန်ကြားသတ်မှတ်သော ဟိုတယ်နှင့် တည်းခိုရိပ်သာ လုပ်ငန်းဆိုင်ရာစည်းကမ်းချက်များကို လိုက်နာရမည်။

(င) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အဆောက်အအုံကြံ့ခိုင်ရေးနှင့် သန့်ရှင်းရေးတို့အတွက် သင့်လျော်သည့် ပြုပြင်ထိန်းသိမ်းရေး အစီအမံများ ဆောင်ရွက်ထားရမည်။

(စ) အခန်းနှင့် ဝန်ဆောင်မှုတစ်ခုခုအတွက် ကြိုတင်စာရင်းပေးပါက မှတ်ပုံတင်ခြင်း အပါအဝင် ကြိုတင်ရောင်းချရေးနှင့်စပ်လျဉ်းသည့် မှတ်တမ်းများကို သတ်မှတ်သည့်အတိုင်း ပြည့်စုံမှန်ကန်စွာ ရေးသွင်းရမည်။

(ဆ) အပိုဒ်ခွဲ (စ) ပါအတိုင်း ကြိုတင်စာရင်းပေး မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍လက်ခံအတည်ပြုကြောင်း သို့မဟုတ် အကြောင်းတစ်ခုခုကြောင့် လက်မခံနိုင်ပါက လက်မခံနိုင်ကြောင်းကို သက်ဆိုင်ရာဧည့်သည် သို့မဟုတ် အဖွဲ့အစည်းထံ ပြန်ကြားပေးရမည်။

(၈) အပိုဒ်ခွဲ (စ) ပါအတိုင်း ကြိုတင်စာရင်းပေး မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ လက်ခံဆောင်ရွက်ပေးရန် အတည်ပြုပြန်ကြားပြီးပါက လက်ခံအတည်ပြုထားသည့်အတိုင်း ဝန်ဆောင်မှုအတွက် တာဝန်ယူဆောင်ရွက်ပေးရမည်။

(၈၂) ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာ လုပ်ငန်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသောစျေးနှုန်း၊ ဝန်ဆောင်မှုအစီအစဉ်များ၊ သတ်မှတ်ချက်နှင့် စည်းကမ်းချက်များကို ဦးစီးဌာနသို့ ပေးပို့တင်ပြရမည်။

(ည) ဦးစီးဌာနကအတည်ပြုထားသောအခန်းနှင့် ဝန်ဆောင်မှုဆိုင်ရာစျေးနှုန်းအတိုင်းသာ ကျသင့်ငွေကို လက်ခံရယူရမည်။

(၄) ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆိုင်ရာ ငွေစာရင်းများကို မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့်လက်မှတ်ရ ပြည်သူစာရင်းကိုင်၏ စစ်ဆေးအတည်ပြုချက်ကို ရယူထားရမည်။

(၅) စီမံခန့်ခွဲသူအဖြစ် သင့်လျော်သော အရည်အချင်းရှိပြီး အကျင့်စာရိတ္တကောင်းမွန်သူကိုသာ ခန့်ထားရမည်။

(၃) လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာဟိုတယ်သင်တန်းသို့ တက်ရောက်ပြီးသည့် ကျွမ်းကျင်ဝန်ထမ်းများ ထားရှိရမည်။

(၀) မိမိလုပ်ငန်းတွင် တာဝန်ပေးအပ်ထားသည့် စီမံခန့်ခွဲသူ သို့မဟုတ် ကြီးကြပ်သူ သို့မဟုတ် အခြားလုပ်သားတစ်ဦးဦးက လုပ်ငန်းနှင့် စပ်လျဉ်း၍ တာဝန်ပျက်ကွက်လျှင်ဖြစ်စေ၊ တည်ဆဲဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ ယင်းကဲ့သို့ တာဝန်ပျက်ကွက်မှု သို့မဟုတ် ဖောက်ဖျက်မှုအတွက် တာဝန်ရှိစေရမည်။

(၈၈) သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းက အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာဆောင် ရွက်ရမည်။

၁၃။ ဤအမိန့်ဖြင့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ ၂၉-၁၀-၉၁ ရက်စွဲပါ အမိန့် အမှတ် ၁၃/၉၁ ကို ပယ်ဖျက်လိုက်သည်။

တင့်ဆန်း
ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(h) shall undertake responsibility for the serves according to accept confirmation of bookings made under sub-paragraph (f);

(i) shall submit the tariff, services provided and terms and conditions relating to the Hotel and Lodgong-house business to the Directorate;

(j) shall be appointed Manger who have suitable qualifications and good moral character.

(k) the statement of accounts of the business for each financial year shall be audited and approved by a Certified Public Accountant who registered with the Myanmar Accountancy Council;

(l) shall be appointed Manager who have suitable qualifications and good moral character.

(m) shall have skilled labour who attended the relevant Hotel Training in accordance with the various job categories of the business;

(n) shall be responsible for the failure on the part of the manager, supervisor or other staff in the discharge of their duties or for violations of existing laws, rules and regulations.

(ρ) shall abride regulations instructed occasionally by the relevant government, organizations.

13. Revoke the Order No. 13/91, dated: 29.10.91 of Ministry of Trade by this order.

Tint San
Union Minister
Ministry of Hotels & Tourism

ဟိုတယ်လုပ်ငန်းအတွက် အနည်းဆုံးလိုအပ်သည့် အခြေခံအချက်များ

ဟိုတယ်လုပ်ငန်း လုပ်ကိုင်သူသည် အောက်ဖော်ပြပါ အနည်းဆုံးလိုအပ်သည့် အခြေခံအချက်များနှင့် ညီညွတ်ပြည့်စုံသည့် ဟိုတယ်ရှိပြီး ဖြစ်ရမည်-

(က) တည်နေရာနှင့် အဆောက်အအုံ

(၁) လုပ်ငန်းသဘာဝနှင့် သင့်တင့်လျောက်ပတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် နေရာနှင့်ပတ်ဝန်းကျင်တွင် တည်ရှိရမည်။

(၂) ဘာသာရေး အဆောက်အအုံ၊ စျေး၊ ကျောင်း စသည့်တို့နှင့်လွတ်ကင်းပြီး ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန် သင့်လျော်သော နေရာတွင် ရှိရမည်။

(၃) အန္တရာယ်ကင်းရှင်းပြီး သီးသန့်လှေကားပါရှိသော သီးခြားအဆောက်အအုံ ဖြစ်ရမည်။

(၄) ဟိုတယ်အဆောက်အအုံတွင်ထားရှိသော ပရိဘောဂ၊ ပစ္စည်းနှင့်စက်ကရိယာများသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး အန္တရာယ်ကင်းရှင်းရမည်။

(၅) ဒေသရာသီဥတုနှင့် လျော်ညီစွာရှိစေရန် ပန်ကာ၊ လေအေးပေးစက်၊ အပူပေးစက်နှင့် စောင် စသည့်တို့ကိုစီစဉ် ထားရှိရမည်။

(၆) ဟိုတယ်အဆောက်အအုံတွင် အလင်းရောင်နှင့် လေဝင်လေထွက်လုံလောက်ကောင်းမွန်ရမည်။

(ခ) ဧည့်ခန်းနှင့်ဧည့်ကြိုကောင်တာ

(၁) ဧည့်သည်များ မှတ်ပုံတင်ရန်အတွက် ဧည့်ကြိုကောင်တာ ထားရှိရမည်။

(၂) ဧည့်ကြိုကောင်တာတွင် ကမ္ဘာလှည့်ခရီးသည်များနှင့် နိုင်ငံခြားဧည့်သည်များကို ပြောဆိုဆက်ဆံနိုင်သော ဧည့်ကြိုဝန်ထမ်း ထားရှိရမည်။

(၃) ဧည့်သည်များကိုကူညီရန် ဧည့်ကူ သို့မဟုတ် အကူဝန်ထမ်း Concierge Desk (Bell Boy) များ ထားရှိရမည်။

ANNEXURE (A)

THE MINIMUM STANDARD REQUIREMENTS FOR THE HOTEL BUSINESS

A person who carrying our the hotel business shall have the hotel in conformity with the following minimum standard of requirements; -

(a) Location and Building

(1) Location of the hotel must be suitable for hotel business and the environment must be healthy and hygienic;

(2) Shall be suitable placed to do Hotel Business and it is avoided the Religious Building, Market, School.

(3) The building must be in the safety condition and separate with its own stair-case;

(4) Furnitures and equipments fittings of hotel must be safe, hygienic and maintained in good condition;

(5) Electric fan or air-conditioner or heater and blanket etc. must be arranged according to the climate of the place;

(6) The hotel must be adequately lit and ventilated.

(b) Lobby and Reception Counter

(1) Must have the reception counter for guest registration;

(2) Must have the reception who is able to deal with tourists and foreign visitors at reception counter;

(3) In order to help visitors shall provide helper or Concierge Desk (Bell Boy).

(၄) တည်းခိုနိုင်သည့် ဧည့်သည် ဦးရေ နှင့် လိုက်လျော ညီညွတ်သော ဧည့်ခန်းဖွဲ့စည်းထားရှိရမည်။

(၅) ဧည့်သည်များအတွက် ပြည်တွင်းပြည်ပ ဆက်သွယ်နိုင်ရန် သင့်လျော်သော ဆက်သွယ်ရေး အစီအမံများ စီစဉ်ထားရှိရမည်။

(၆) ဧည့်သည်များ ဖတ်ရှုနိုင်ရန် သတင်းစာနှင့် စာစောင်များ ထားရှိရမည်။

(၇) ဧည့်သည်များအသုံးပြုရန်အတွက် စာတိုက်ပုံးထားရှိပြီး တံဆိပ်ခေါင်းများဝယ်ယူနိုင်ရန် စီစဉ်ပေးရမည်။

(၈) အများသုံးသန့်စင်ခန်း ထားရှိရမည်။

(၈) အိပ်ခန်း

(၁) ဟိုတယ်တွင် အနည်းဆုံးအိပ်ခန်း ၂၀ ခန်း ဖွဲ့စည်းထားရှိရမည်။

(၂) အိပ်ခန်းများ၏ အနည်းဆုံးအကျယ်အဝန်းသည် အောက်ပါအတိုင်း ရှိရမည်-

အကြောင်းအရာ	အကျယ်အဝန်း	မျက်နှာကျက်အမြင့်
တစ်ယောက်အိပ်ခန်း	အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ (ဧရိယာ ၁၀၀ စတုရန်းပေ)	၉ ပေ
နှစ်ယောက်အိပ်ခန်း	အလျား ၁၂ ပေ၊ အနံ ၁၂ ပေ၊ (ဧရိယာ ၁၄၄ စတုရန်းပေ)	၉ ပေ

(၃) အိပ်ခန်းတိုင်းတွင် အလင်းရောင်နှင့် လေဝင်လေထွက် လုံလောက်ကောင်းမွန်ရမည်။

(၄) အိပ်ခန်းတိုင်းသည် သီးခြားလွတ်လပ်လုံခြုံစွာ ဖွဲ့စည်းထားရှိရမည်။

(၅) အိပ်ခန်းတိုင်းတွင် ခြင်၊ ယင်အစရှိသော အင်းဆက်ပိုးမွှားများ ကင်းရှင်းစေရန် ဆောင်ရွက်ထားရမည်။

(၆) အိပ်ခန်းတိုင်းတွင် ဒေသရာသီဥတုနှင့် လျော်ညီစွာရှိစေရန်ပန်ကာ၊ လေအေးပေးစက်၊ အပူပေးစက်၊ စောင် စသည့်တို့ကို စီစဉ်ထားရှိရမည်။

(၇) အိပ်ခန်းတိုင်းတွင် ရေခဲသေတ္တာ၊ မီနီဘား၊ အဝတ်လှန်းစင်၊ စာကြည့်စားပွဲနှင့်အခြား ပရိဘောဂများ ထားရှိရမည်။

(၈) အိပ်ခန်းတိုင်းတွင်အတွင်းအပြင်သော့ခတ်နိုင်သည့် ဝင်ထွက်တံခါးမတစ်ခုထားရှိရမည်။

(4) Must have the Lobny in proportion to the number of room guests;

(5) Must arrange for good local and external communications;

(6) Shall Provide newspaper and Journals for guests.

(7) Shall Provide Post-box used by of visitors and shall arranage to buy stamps.

(8) Must have the public toilet.

(c) Bedroom

(1) A hotel must contain at least 20 bed-rooms;

(2) All bedrooms must have the minimum dimensions as mentioned below:-

Type	Dimension	Celling Height
Single Bedroom	Length(10)ft x breadth(10)ft Area(100)sq,ft	9 ft
Double Bedroom	Length(12)ft x breadth(12)ft Area (144) sq,ft	9ft

(3) All bedrooms must be adequately lit and ventilated;

(4) All bedrooms must be built to ensure privacy and safety;

(5) All bedrooms must be kept free form mosquitos,files and insects;

(6) Electric fan or air – conditioner or heater and blanket etc. must be arranged according to the climate of the place;

(7) All bedrooms must be contained with refrigerator, Mini-Bar, Cloths dried stand, Desk and another furnitures.

(8) All bedrooms must be fitted with double lock inside and outside of the bedroom;

(၉) အိပ်ခန်းတိုင်းတွင်ဧည့်သည်များ အသုံးပြုရန်အတွက် လိုအပ်သည့် ခုတင်၊ အိပ်ရာ စသည့် အိပ်ခန်းသုံးပစ္စည်းများ ထားရှိရမည်။

(၁၀) အိပ်ခန်းဆောင် စက်ြန်လျှပ်စစ်မီး ထားရှိရမည်။

(၁၁) အိပ်ခန်းတိုင်းတွင် ထားရှိသည့်ခုတင်သည် အောက်ပါသတ်မှတ်ချက်နှင့်ညီညွတ်ရမည်-

အကြောင်းအရာ	အကျယ်အဝန်း	အမြင့်
တစ်ယောက်အိပ်ခုတင်	အလျား ၆. ၅ ပေ၊ အနံ ၃. ၅ ပေ	၁. ၅ ပေ
နှစ်ယောက်အိပ်ခုတင်	အလျား ၆. ၅ ပေ၊ အနံ ၅. ၅ ပေ	၁. ၅ ပေ

(၁၂) အိပ်ခန်းတွင် ခန်းဆီးနှင့် ကန့်လန့်ကာကိုလည်းကောင်း၊ ခုတင်အိပ်ရာတွင် သန့်ရှင်းစင်ကြယ်သော ခြင်ထောင်၊ မွေ့ရာ၊ အိပ်ရာခင်း၊ စောင်၊ စောင်ကပ်လွှာ၊ ခေါင်းအုံး၊ ခေါင်းအုံးစွပ်နှင့် အိပ်ရာဖုံးများကို လည်းကောင်း ထားရှိရမည်။

(၁၃) အိပ်ခန်းသုံးအထည် အလိပ်များသည်ကျန်းမာရေးနှင့် ညီညွတ်၍ အမြဲတမ်း သန့်ရှင်းနေရမည်ဖြစ်ပြီး၊ ဧည့်သည်အသစ်ရောက်ရှိတိုင်း ယင်းပစ္စည်းများကို အသစ်လဲလှယ်ပေးရသည့် အစီအမံများ စီစဉ်ထားရှိရမည်။

(၁၄) အိပ်ခန်းတွင်းရှိ ဧည့်သည်မှ အလွယ်တကူဆက်သွယ်နိုင်သည့် အစီအစဉ်တစ်ခုခု စီစဉ်ထားရှိရမည်။

(၁၅) ဟိုတယ်မှရရှိနိုင်သော အစားအစာများစာရင်းကို လည်းကောင်း၊ မီနီဘားအတွင်းရှိ အဖျော်ယမကာနှင့် အစားအစာများ၏စာရင်းကို လည်းကောင်း သင့်လျော်သောကတ်ပြား သို့မဟုတ် စာအုပ်တို့ဖြင့် ဖော်ပြထားရှိရမည်။

(၁၆) ပတ်ဝန်းကျင်ဒေသရှိ လှည့်လည်ကြည့်ရှု လေ့လာနိုင်သော နေရာများ၊ ဟိုတယ်ရှိရာ ဒေသမှအခြားဒေသများသို့ သွားလာနိုင်သည့် လမ်းကြောင်းများနှင့် သွားလာနိုင်သည့်နည်းလမ်းများစသည့် သတင်းအချက်အလက်များပါဝင်သော လမ်းညွှန်စာအုပ် (Guide Book) ထားရှိရမည်။

(၁၇) အများပြည်သူနှင့် သက်ဆိုင်သောနေရာများသို့ ဆက်သွယ်နိုင်ရန် တယ်လီဖုန်းစာအုပ် ထားရှိရမည်။

(9) All bedrooms must be furnished with beds, beddings and other bedrooms facilities;

(10) Bedroom passageaway must be fitted with lighting;

(11) All beds must conform to the following measurements;-

Type	Dimension	Ceilling Height
Single Bed	Length(6.5)ft x 3.5 ft	Breadth (1.5)ft
Double	Length(6.5)ft x 5.5 ft	Breadth (1.5)ft

(12) All bedrooms must be fitted with curtain, lace curtains and all beds must be fitted with clean mosquito net, mattress, bedsheet, blanked, top sheet, pillow, pillowcase and counter-pane;

(13) Bedroom linen must be kept clean and hygienic and the linen must be changed for every new guest;

(14) A system to be devised for the guest to communicate from bedroom.

(15) Shall memtion Menu & Beverages in Mini Bar with Card or Book obtained from Hotel.

(16) Shall have Guide Book, hotel direcotory and tourist sites.

(17) Shall have Telephone Directory to be devised to connect with public.

(၁၈) အဝတ်လျှော်ရန် (Laundry Service) စီစဉ်ထားရှိပြီး ဧည့်သည်အသုံးပြုနိုင်ရန်မီးပူနှင့် မီးပူတိုက်ခုံများကိုလည်း ထားရှိရမည်။

(၁၉) အိပ်ခန်းတွင်းသို့ အစားအစာမှာယူခြင်းနှင့် အခြားလိုအပ်သည်များ အတွက်ဆောင်ရွက်ပေးသော အခန်းတွင်းဝန်ဆောင်မှု (Room Service) ထားရှိရမည်။

(၂၀) အိပ်ခန်းတိုင်းတွင် ရေချိုးခန်းနှင့် အိမ်သာတွဲလျက် ပါရှိရမည်။

(ဃ) ရေချိုးခန်းနှင့်အိမ်သာ

(၁) အနည်းဆုံးအကျယ်အဝန်းမှာ အလျား ၆ ပေ၊ အနံ ၆ ပေ သို့မဟုတ် အလျား ၇ ပေ၊ အနံ ၅ ပေရှိပြီး မျက်နှာကျက်အမြင့် ၉ ပေ ရှိရမည်။

(၂) အခန်းတိုင်းတွင် ကျန်းမာရေးနှင့် ညီညွတ်စေရန် အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်ရမည်။

(၃) အဆင့်မီ ကြမ်းခင်းရှိပြီး သန့်ရှင်းသပ်ရပ်မှု ရှိရမည်။

(၄) အနောက်တိုင်း အိမ်သာ၊ လက်ဆေးခွက်၊ မှန်၊ ရေပန်းနှင့် ရေချိုးကန်များ ပါရှိရမည်။

(၅) ကိုယ်သုတ်ပုဝါ၊ မျက်နှာသုတ်ပုဝါနှင့် ရေချိုးခန်းသုံး ခြေသုတ်များ ထားရှိရမည်။

(၆) ဆပ်ပြာ၊ အိမ်သာသုံးစက္ကူစသည့် ရေချိုးခန်းနှင့် သန့်စင်ခန်းသုံး ပစ္စည်းများ ထားရှိရမည်။

(၇) ရေသန့်စနစ်နှင့် ရေပူရေအေးစနစ်များ ပါရှိရမည်။

(င) အများသုံးသန့်စင်ခန်း

(၁) ဧည့်ခန်း၊ စားသောက်ခန်း၊ ခန်းမကျယ်နှင့် အများသုံးနေရာများတွင် သင့်လျော်လုံလောက်သော သန့်စင်ခန်းများထားရှိပြီး သန့်စင်ခန်းတခု၏ အကျယ်အဝန်းမှာ အလျား ၆ ပေ၊ အနံ ၆ ပေ ရှိရမည်။

(၂) သန့်စင်ခန်းတွင် ကျန်းမာရေးနှင့် ညီညွတ်စေရန် အလင်းရောင်နှင့် လေဝင်လေထွက် လုံလောက်ကောင်းမွန် ရမည်။

(၃) သန့်စင်ခန်းတွင် ထားရှိသော အိမ်သာကြွေအိုးမှာ အနောက်တိုင်းပုံစံ ဖြစ်ရမည်။

(၄) သန့်စင်ခန်းတွင် ရေအလုံအလောက် ထားရှိရမည်။

(18) Shall have the Laundry Service and a steam-iron and ironingboard for Guests.

(19) Shall have the Room Service such as order fook and other facilities.

(20) Shall include bathroom with toilet in each bedroom.

(d) Bathroom and Toilet

(1) Measurement is at least length 6′ x breadth 6′ or length 7′ x breadth 5′ and ceiling height 9′.

(2) A bathroom must be hygienic and adequately lit and ventilated;

(3) Shall have high grade flooring and neat and clean.

(4) Shall have toilet, a hand-basin, mirror, shower and bath-tub.

(5) Shall have face-towel, body-towel and bath-mat.

(6) Shall have bath-room facilities such as soap, water-closer paper.

(7) Shall have water-purified system and hot water/cold water.

(e) Toilet

(1) Shall have water-closet at lobby room, dining-room, hall-room and measurement is length 6′ and breadth 6′.

(2) A toilet must be hygienic and adequately lit and ventilated.

(3) A commode in the toilet must be of Westerm type.

(4) Shall provide sufficient water at latrine.

(၅) သန့်စင်ခန်းတွင် ဆပ်ပြာ၊ လက်ဆေးခွက်နှင့် စက္ကူလိပ်စသည့် သန့်စင်ခန်းသုံးပစ္စည်းများ ထားရှိရမည်။

(စ) ဟိုတယ်စားသောက်ဆိုင်နှင့် ဟိုတယ်စားသောက်ခန်းများ

(၁) ဧည့်သည်များစားသုံးရန် အနည်းဆုံး နံနက်စာ စီစဉ်ပေးနိုင်ရမည်။

(၂) စီစဉ်တည်ခင်းသော အစားအစာနှင့် အဖျော်ယမကာများသည် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်ရမည်။

(၃) စားသောက်ဆိုင်နှင့် စားသောက်ခန်းမတွင် ခြင်၊ ယင်အစရှိသော အင်းဆက်ပိုးမွှားများ၏ အန္တရာယ်မှ ကာကွယ်သည့် စနစ်များထားရှိပြီးကျန်းမာရေးနှင့်ညီညွတ်စေရန် သန့်ရှင်းစင်ကြယ်ရမည်။

(၄) စားသောက်ခန်းသုံးပစ္စည်းများ၊ အထည်အလိပ်များထားရှိပြီး ကျန်းမာရေးနှင့် ညီညွတ်စေရန် သန့်ရှင်းစင်ကြယ်ရမည်။

(၅) စားပွဲများတွင် ရရှိနိုင်သော အစားအစာ စာရင်းနှင့် နေ့စဉ်အလိုက် အထူးစီစဉ်ထားသည့် အစားအစာ စာရင်းများထားရှိရမည်။

(၆) စားသောက်ခန်းနှင့် စားဖိုဆောင်ကို သီးခြားဖွဲ့စည်းထားရှိရမည်။

(ဆ) စားဖိုဆောင်

(၁) စားဖိုဆောင်သည် သန့်ရှင်းမှု၊ ကျန်းမာရေးနှင့်ညီညွတ်မှု၊ အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်မှုနှင့် အနံ့အသက်ဆိုး ကင်းရှင်းမှုရှိပြီး ခြင်၊ ယင် အစရှိသောအင်းဆက်ပိုးမွှားများ၏ အန္တရာယ်မှ ကာကွယ်သည့် အစီအမံများထားရှိရမည်။

(၂) စီစဉ်ထုတ်လုပ်သော အစားအစာနှင့် အဖျော်ယမကာသည် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်ရမည်။

(၃) ချက်ပြုတ်ရေး ကိရိယာများ၊ အိုးခွက် အသုံးအဆောင်များ၊ စားသောက်ခန်းသုံးပစ္စည်း ကိရိယာများသည် ကျန်းမာရေးနှင့်ညီညွတ်စေရန် သန့်ရှင်းမှု ရှိရမည်။

(၄) ရေပူ ရေအေး ရရှိရန် အစီအမံများ ထားရှိရမည်။

(၅) ချက်ပြုတ်ရန်နေရာ အစားအစာ ဆေးကြောရန်နေရာနှင့် အိုးခွက်ပန်းကန် ဆေးကြောရန်နေရာတို့ကို စနစ်တကျ ခွဲခြားထားရှိရမည်။

(၆) စားကြွင်းစားကျန်နှင့် အမှိုက်သရိုက်များကို စနစ်တကျ စွန့်ပစ်နိုင်ရန်အတွက် စီစဉ်ထားရှိရမည်။

(5) Shall provide soap,hand washing basin and tissue paper etc.

(f) Hotel Restaurant and Hotel Dining Room

(1) At least breakfast must be provided for the room guest;

(2) Food and beverage provided must be fresh, clean and hygienic;

(3) Restaurant and Dining Room must be kejpt clean and hygienic and provide the protective system from mosquito, fly and any insects;

(4) Cutlery, crockery equipments and linen of the restaurant must be kept clean and hygienic;

(5) Must be kept dish list and special dish menu as per daily on table.

(6) Dining room and kitchen must be separate.

(g) Kitchen

(1) Arrangements must be made to keep the kitchen clean, hygienic, adequately lit and ventilated and to protect from insects and free from bad smell;

(2) Food and beverage provided must be fresh, clean and hygienic;

(3) Kitchen equipment, crockery and cutlery of the restaurant must be clean & hygienic;

(4) A system must be made to provide a sufficient supply of hot and cold running water;

(5) Areas for cooking place, washing dishes and for food must be placed separately;

(6) A system must be made for disposal of leftover food rubbish.

(၇) စားဖိုဆောင်တွင် ကျန်ပစ္စည်းထားသိုခန်း၊ Deep Freezer စသည်တို့ကို လုံလောက်စွာ ထားရှိရမည်။

(၈) ချက်ပြုတ်ပြီး အစားအစာများကို ဘေးဥပဒ်မဖြစ်စေရန်နှင့် လတ်ဆတ်မှုရှိစေရန် warmer စသည်ဖြင့်ထိန်းသိမ်းထားသိုသော စနစ် ရှိရမည်။

(၈) ဝန်ထမ်း

(၁) ကူးစက်ရောဂါ ကင်းရှင်းသော ကျန်းမာသည့်ဝန်ထမ်းများကိုသာ အသုံးပြုရမည်။

(၂) လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာဟိုတယ် လုပ်ငန်းသင်တန်းများ သို့တက်ရောက်ပြီးသည့် ကျွမ်းကျင်သော ဝန်ထမ်းများထားရှိရမည်။

(၃) ဝန်ထမ်းတိုင်းသည် သတ်မှတ်ထားသော လုပ်ငန်းခွင်ဝတ်စုံကို သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ထားရမည်။

(၄) ဝန်ထမ်းများ ကျန်းမာရေးအတွက် ပုံမှန်ဆေးစစ်ဆေးပေးခြင်း၊ ရောဂါတားဆီးမှု အစီအမံများ ပြုလုပ်ပေးခြင်းရှိရမည်။

(၅) ဧည့်သည်များနှင့် ဝန်ထမ်းများ လိုအပ်လျှင် အရေးပေါ် အသုံးပြုနိုင်ရန်ရှေးဦးသူနာပြုဆိုင်ရာ ဆေးပစ္စည်းများ ထားရှိရမည်။

(၉) ဝန်ဆောင်မှုများ

(၁) ကားဌားရမ်းပေးခြင်း၊ ကားလက်မှတ်နှင့် လေယာဉ်လက်မှတ်များ မှာယူပေး ခြင်းစသည့်ဝန်ဆောင်မှုများ ထားရှိရမည်။

(၂) E-mail၊ Internet နှင့် ခေတ်မီကောင်းမွန်သော ဆက်သွယ်ရေးစနစ်၊ ထားရှိရမည်။

(၃) ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် သင့်လျော်သော အားကစားနည်းများနှင့် အထောက်အကူပြု ပစ္စည်းများထား ရှိပေးရမည်။

(၁၀) လုံခြုံရေးနှင့် မီးဘေးတားဆီးရေးအစီအမံများ

(၁) ဧည့်သည်နှင့် ဧည့်သည်များ၏ ပစ္စည်းများလုံခြုံမှုအတွက် အစီအမံများထားရှိရမည်။

(၂) မီးဘေးတားဆီးရေး အစီအမံများကို သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များနှင့်အညီ စီစဉ်ထားရှိရမည်။

(7) There must be adequate store-room and refrigerator connected with the kitchen.

(8) Finished foods must be stored as warmer for fresh and not poison.

(h) Staff

(1) Shall only employ healthy staffs free from contagious diseases;

(2) Shall provide skillful staffs who were trained at relevant hotel business training classes as per business setor.

(3) All employees must wear prescribed uniforms and be meat and tidy;

(4) Regular medical check-ups for the employees must be arranged for prevention of diseases;

(5) First-aid box must be kept for emergency use of guest and employees.

(i) Services

(1) Shall set services for car rental and booking car tickets and air tickets etc.,

(2) Shall set E-mail, Internet and modernized communication system.

(3) Shall set health care service, Suitable sports methods and supporting materials.

(j) Security and Fire-prevention Arrangements

(1) Shall provide arrangement for security of guests and their properties.

(2) Shall arrange fire preventive planning in accordance with stipulations of relevant departments.

(၃) မီးဘေးလုံခြုံရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ရမည်။

(၄) သုံးထပ်အထက် အဆောက်အအုံဖြစ်ပါက အရေးပေါ်ထွက်ပေါက်လေ့ကား၊ လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ထားရမည်။ အရေးပေါ်လေ့ကားသည် အမှန်တကယ်သုံးစွဲနိုင်ရန် ကြံ့ခိုင်မှု ရှိရမည်။

(၅) ဝန်ထမ်းများအတွက် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအစီအစဉ်များ စီမံထားရှိရမည်။

(3) Shall rehearse trainings for fire security services.

(4) If the building is over 3-storyed shall install emergency exit. The emergency stair must be strong for use actually.

(5) Shall arrange prevention and security of worksite for staffs.

တည်းခိုရိပ်သာလုပ်ငန်းအတွက် အနည်းဆုံးလိုအပ်သည့် အခြေခံအချက်များ

တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်လိုသူသည် အောက်ဖော်ပြပါအနည်းဆုံးလို အပ်သည့် အခြေခံအချက်များနှင့်ညီညွတ်ပြည့်စုံသည့် တည်းခိုရိပ်သာရှိပြီးဖြစ်ရမည်-

(က) တည်နေရာ နှင့် အဆောက်အအုံ

(၁) လုပ်ငန်းသဘာဝနှင့် သင့်တင့်လျောက်ပတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် နေရာပတ်ဝန်းကျင်တွင် တည်ရှိရမည်။

(၂) ဘာသာရေးအဆောက်အအုံ၊ စျေး၊ ကျောင်း၊ စသည့်တို့နှင့်လွတ်ကင်းပြီးတည်းခိုရိပ်သာ လုပ်ငန်းဆောင်ရွက်ရန် သင့်လျော်သော နေရာတွင်ရှိရမည်။

(၃) အန္တရာယ်ကင်းရှင်းပြီး သီးသန့်လှေကားပါရှိသော သီးခြားအဆောက်အအုံဖြစ်ရမည်။

(၄) တည်းခိုရိပ်သာ အဆောက်အအုံတွင် ထားရှိသော သို့မဟုတ် တပ်ဆင်ထားသော ပရိဘောဂ ပစ္စည်းနှင့်စက်ကိရိယာများသည် ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးအန္တရာယ် ကင်းရှင်းရမည်။

(၅) အဆောက်အအုံတွင် အလင်းရောင်နှင့် လေဝင်လေထွက် လုံလောက်ကောင်းမွန်ရမည်။

(ခ) ဧည့်ခန်း နှင့် ဧည့်ကြိုကောင်တာ

(၁) ဧည့်သည်များ မှတ်ပုံတင်ရန်အတွက် ဧည့်ကြိုကောင်တာ ထားရှိရမည်။

(၂) ဧည့်ကြိုကောင်တာတွင် ကမ္ဘာလှည့်ခရီးသည်များနှင့် နိုင်ငံခြား ဧည့်သည်များကို ပြောဆိုဆက်ဆံနိုင်သော ဧည့်ကြိုဝန်ထမ်းထားရှိရမည်။

(၃) ဧည့်သည်များအား ကူညီနိုင်ရန် ဧည့်ကူများ ထားရှိရမည်။

(၄) တည်းခိုနိုင်သည့် ဧည့်သည်ဦးရေနှင့် လိုက်လျောညီညွတ်သော ဧည့်ခန်းဖွဲ့စည်းထားရှိရမည်။

(၅) ဧည့်သည်များအတွက် ပြင်ပဆက်သွယ်နိုင်ရန် သင့်လျော်သော ဆက်သွယ်ရေး အစီအမံထားရှိရမည်။

ANNEXURE (B)

THE LEAST REQUIREMENTS FOR LODGING-HOUSE BUSINESS

A person desirous of carrying out lodging-house business must have a lodging house in conformity with the following minimum standard of requirements:-

(a) Lacation and Building

(1) Location of lodging-house must be suitable for the nature of business and the environment must be healthy and hygienic;

(2) Shall be suitable placed to do lodging-house it is avoided the Religious Building , Market , School.

(3) The building must be in the safety condition and separate with its own staircase;

(4) Furnitures and fittings of odging-house must be safe, hygienic and maintained in good condition;

(5) The lodging-house must be adequately lit and ventilated.

(b) Lobby and Reception Counter

(1) Must have a reception counter for guest registration;

(2) Must have the receptionist who is able to deal with tourists and foreign visitors at reception counter;

(3) Must have bellboys to help for guests.

(4) Must have the lobby in proportion to the number of room guest.

(5) Must arrange for good telecommunication.

(၆) ဧည့်သည်များ ဖတ်ရှုနိုင်ရန် သတင်းစာ၊ စာစောင်များ ထားရှိရမည်။
(၇) ဧည့်သည်များ အသုံးပြုရန်အတွက် စာတိုက်ပုံးထားရှိပြီး တံဆိပ်ခေါင်းများ ဝယ်ယူနိုင်ရန် စီစဉ်ပေးရမည်။
(၈) အများသုံး သန့်စင်ခန်း ထားရှိရမည်။

(၀) အိပ်ခန်း

(၁) တည်းခိုရိပ်သာတွင် အနည်းဆုံး အိပ်ခန်း ၁၀ ခန်း ဖွဲ့စည်းထားရှိရမည်။
(၂) အိပ်ခန်းများ၏ အနည်းဆုံးအကျယ်အဝန်းသည် အောက်ပါအတိုင်း ရှိရမည်-

အကြောင်းအရာ	အကျယ်အဝန်း	မျက်နှာကျက်အမြင့်
တစ်ယောက်အိပ်ခန်း	အလျား ၁၀ ပေ၊ အနံ ၁၀ ပေ (၎ရိယာ ၁၀၀ စတုရန်းပေ)	၉ ပေ
နှစ်ယောက်အိပ်ခန်း	အလျား ၁၂ ပေ၊ အနံ ၁၀ ပေ (၎ရိယာ ၁၂၀ စတုရန်းပေ)	၉ ပေ

(၃) အိပ်ခန်းတိုင်းတွင် အလင်းရောင်နှင့် လေဝင်လေထွက် လုံလောက်ကောင်းမွန်ရမည်။
(၄) အိပ်ခန်းတိုင်းတွင် ခြင်၊ ယင်အစရှိသော အင်းဆက်ပိုးမွှားများ ကင်းရှင်းစေရန် ဆောင်ရွက်ထားရှိရမည်။
(၅) အိပ်ခန်းတိုင်းသည် သီးခြားလွတ်လပ်လုံခြုံစွာ ဖွဲ့စည်းထားရှိရမည်။
(၆) အိပ်ခန်းတိုင်းတွင် ဧည့်သည်များအသုံးပြုရန်အတွက် လိုအပ်သည့် ခုတင်၊ အိပ်ရာ စသည့် အိပ်ခန်းသုံး ပစ္စည်းများ ထားရှိရမည်။
(၇) အိပ်ခန်းတိုင်းတွင် ထားရှိသည့်ခုတင်သည် အောက်ပါ သတ်မှတ်ချက်နှင့် ညီညွတ်ရမည် -

အကြောင်းအရာ	အကျယ်အဝန်း	အမြင့်
တစ်ယောက်အိပ်ခုတင်	အလျား ၆.၅ ပေ၊ အနံ ၃.၅ ပေ	၁.၅ ပေ
နှစ်ယောက်အိပ်ခုတင်	အလျား ၆.၅ ပေ၊ အနံ ၅.၅ ပေ	၁.၅ ပေ

(6) Must provide Newspapers, Journals and Magazines for guest.

(7) Must provide PO box used by guests and arrange to buy post stamp.

(8) Must have the public toilet.

(c) **Bedroom**

(1) A lodging-house must contain at least 10 bedrooms;

(2) All bedrooms must have the minimum dimensions as mentioned below: -

Type	Area	Height
Single Bedroom	Length(10)ft X breadth (10)ft Area(100)sq.ft	9 ft
Double Bedroom	Length(12)ft X breadth (10)ft Area(120)sq.ft	9 ft

(3) All bedrooms must be adequately lit and ventilated;

(4) All bedrooms shall be kept free from mosquitos, flies and insects;

(5) All bedrooms must be built to ensure privacy and safety;

(6) All bedrooms must contain beds, beddings and other bedroom facilities;

(7) All beds must have the following measurements;

Type	Area	Height
Single Bed	Length(6.5)ft X breadth(3.5)ft	1.5 ft
Double Bed	Length(6.5)ft X breadth(5.5)ft	1.5 ft

(၈) အိပ်ခန်းတိုင်းတွင် အတွင်းအပြင် သော့ခတ်နိုင်သည့် ဝင်ထွက်တံခါးမတစ်ခုထားရှိရမည်။

(၉) ခုတင်အိပ်ရာတွင် သန့်ရှင်းစင်ကြယ်သော ခြင်ထောင်၊ မွေ့ရာ၊ အိပ်ရာခင်း၊ စောင်၊ ခေါင်းအုံးနှင့် ခေါင်းအုံးစွပ်များကို ထားရှိရမည်။

(၁၀) အိပ်ခန်းသုံး အထည်အလိပ်များသည် ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းစင်ကြယ် ရမည်။

(၁၁) ဧည့်သည်များ၏ အဝတ်လျှော်ရန် (Laundry Service) စီစဉ်ထားရမည်။

(၁၂) အိပ်ခန်းတိုင်းတွင် ရေချိုးခန်းနှင့်အိမ်သာ တွဲလျက်ပါရှိရမည်။

(ဃ) ရေချိုးခန်းနှင့် အိမ်သာ

(၁) အနည်းဆုံးအကျယ်အဝန်းမှာ အလျား ၆ ပေ၊ အနံ ၆ ပေ သို့မဟုတ် အလျား ၇ပေ၊ အနံ ၅ ပေ ရှိပြီး မျက်နှာကျက်အမြင့် ၉ ပေ ရှိရမည်။

(၂) အခန်းတိုင်းတွင် ကျန်းမာရေးနှင့် ညီညွတ်စေရန် အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်ရမည်။

(၃) အနောက်တိုင်း အိမ်သာ၊ လက်ဆေးခွက်၊ မှန်၊ ရေပန်းများ ပါရှိရမည်။

(၄) ဆပ်ပြာ၊ အိမ်သာသုံးစက္ကူစသည့် ရေချိုးခန်းနှင့် သန့်စင်ခန်းသုံးပစ္စည်းများထားရှိရမည်။

(၅) ရေသန့်စနစ်နှင့် ရေပူရေအေး စနစ်များ ပါရှိရမည်။

(င) အများသုံးသန့်စင်ခန်း

(၁) ဧည့်ခန်းနှင့် အများသုံးနေရာများတွင် သင့်လျော်လုံလောက်သော သန့်စင်ခန်း ထားရှိပြီး သန့်စင်ခန်းတစ်ခု၏ အကျယ်အဝန်းမှာ အနည်းဆုံးအလျား ၆ ပေ၊ အနံ ၆ ပေ ရှိရမည်။

(၂) သန့်စင်ခန်းတွင် ကျန်းမာရေးနှင့် ညီညွတ်စေရန် အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်ရမည်။

(၃) သန့်စင်ခန်းတွင် အနောက်တိုင်းပုံစံ အိမ်သာ ကြွေအိုး အနည်းဆုံးတစ်ခု ထားရှိရမည်။

(၄) သန့်စင်ခန်းတွင် ရေအလုံအလောက် စီစဉ်ထားရှိရမည်။

(၅) သန့်စင်ခန်းတွင် ဆပ်ပြာ၊ စက္ကူလိပ် စသည့်သန့်စင်ခန်းသုံး ပစ္စည်းများထားရှိရမည်။

(8) All bedrooms must be fitted door with double lock inside and outside of the bedroom;

(9) All beds must be fitted with clean mosquito net, mattress, bedsheet, blanket, pillow and pillowcase;

(10) Bedroom linen must be kept clean and hygienic.

(11) Must arrange launder service.

(12) Bathroom with toilet in all bedrooms.

(d) Bathroom

(1) Bathroom must have the minimum dimensions length (6') m breadth (6')or length (5') and ceiling is (9').

(2) Bathroom must be hygienic and adequately lit and ventilated;

(3) Must have toilet, hand-basin, mirror and water-fountain.

(4) Must have bathroom and toilet facilities such as soap and toilet paper.

(5) Must have water purified system and water system for cool and heat.

(e) Toilet

(1) Shall only employ healthy staffs who free from contagious diseases ;

(2) A toilet must be hygienic and adequately lit and ventilated;

(3) Commode in toilet must be of Western type;

(4) All toilet must be provided with adequate supply of water;

(5) Toilet must be provided toilet facilities such as soap , paper;

(စ) ဝန်ထမ်း

(၁) ကူးစက်ရောဂါ ကင်းရှင်းပြီး ကျန်းမာသည့် ဝန်ထမ်းများကိုသာ အသုံးပြုရမည်။

(၂) လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာသင်တန်းများသို့ တက်ရောက်ပြီးသည့် ကျွမ်းကျင်သော ဝန်ထမ်းများ ထားရှိရမည်။

(၃) ဝန်ထမ်းတိုင်းသည် သတ်မှတ်ထားသော လုပ်ငန်းခွင်ဝတ်စုံကို သန့်ရှင်းသပ်ရပ်စွာဝတ်ဆင် ထားစေရမည်။

(၄) ဝန်ထမ်းများ ကျန်းမာရေးအတွက် ပုံမှန်ဆေးစစ် ဆေးပေးခြင်း၊ ရောဂါတားဆီးမှု အစီအမံများ ပြုလုပ်ပေးခြင်းရှိရမည်။

(၅) ဧည့်သည်များနှင့် ဝန်ထမ်းများ လိုအပ်လျှင် အရေးပေါ် အသုံးပြုနိုင်ရန် ရှေးဦးသူနာပြုဆိုင်ရာ ဆေးပစ္စည်းများ ထားရှိရမည်။

(ဆ) ဝန်ဆောင်မှုများ

(၁) ကားငှားပေးခြင်း၊ ကားလက်မှတ်နှင့် လေယာဉ်လက်မှတ်များ မှာယူပေးခြင်းစသည့် ဝန်ဆောင်မှုများ ထားရှိရမည်။

(၂) E-mail၊ Internet နှင့် ခေတ်မီကောင်းမွန်သော ဆက်သွယ်ရေးစနစ်များထားရှိရမည်။

(ဇ) လုံခြုံရေးနှင့် မီးဘေးတားဆီးရေး အစီအမံများ

(၁) ဧည့်သည်နှင့်ဧည့်၏ ပစ္စည်းများ လုံခြုံမှုရှိရန်အတွက် အစီအမံများ ထားရှိရမည်။

(၂) မီးဘေးတားဆီးရေး အစီအမံများကို သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များနှင့် အညီစီစဉ် ထားရှိရမည်။

(၃) မီးဘေးလုံခြုံရေးအတွက် ဇာတ်တိုက် လေ့ကျင့်မှုများ ပြုလုပ်ရမည်။

(၄) သုံးထပ်အထက် အဆောက်အအုံ ဖြစ်ပါက အရေးပေါ်ထွက်ပေါက် လှေကား တပ်ဆင်ထားရမည်။ အရေးပေါ်လှေကားသည် အမှန်တကယ်သုံးစွဲနိုင်ရန် ကြိုခိုင်မှု ရှိရမည်။

(၅) ဝန်ထမ်းများအတွက် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအတွက် အစီအစဉ်များ စီမံထားရှိရမည်။

(f) Staff

(1) Shall only employ healthy staffs who free from contagious diseases;

(2) Shall employ skilled labour who completely attended relevant training in accordance with the various categories of the business;

(3) All employees must wear prescribed uniforms and be neat and clean;

(4) Regular medical check-ups for the employees must be arranged for prevention of diseases;

(5) First-aid box must be kept for emergency use of guests and employees.

(g) Services

(1) Shall set services for car rental booking car tickets and air tickets etc...,

(2) Shall set E-mail, Internet and modernized communication system;

(h) Security and Fire-prevention Arrangements

(1) Shall provide arrangement for security of guests and their properties;

(2) Shall arrange fire preventive planning in accordance with stipulations of relevant departments.

(3) Shall rehearse trainings for fire security services.

(4) If the building is over 3 storeyed shall install emergency exit. The emergency stair must be strong for use actually.

(5) Shall arrange prevention and secrutiny of of worksite for staff.